# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် ဇွန်လ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ

- အကျဉ်းချုပ်
- လူ့အခွင့်အရေး ချိုးဖောက်မှုများ
- မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ
- နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၁,၈၇၇+ သတ်ဖြတ်ခံရ
၁၃,၉၅၉+ ဖမ်းဆီးခံခဲ့ရ
၁၀,၉၀၃+ ချုပ်နှောင်ခံထားရဆဲ
၁,၉၇၉+ ဖမ်းဝရမ်းထုတ်ခံရ

## အရပ်သား ၄ ဦးကို ကွပ်မျက်ရန် စစ်အာဏာရှင်၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီပါ။

ထင်ရှားသော ဒီမိုကရေစီရေး လှုပ်ရှားသူ နှစ်ဦးအပါအဝင် အရပ်သားလေးဦးအား ကြိုးဆွဲချ သေဒဏ်ချမှတ်ရန် ရည်ရွယ်ထားကြောင်း ၂၀၂၂ ခုနှစ် ဇွန်လအစတွင် စစ်အုပ်စုမှကြေညာခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်နှင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူ ကိုဂျင်မီတို့သည်၎င်းတို့ နိုင်ငံသားတစ်ဦး၏ အခြေခံအခွင့်အရေးများကို ကျင့်သုံးခြင်းကြောင့် ကွပ်မျက်ခံရမည်ဖြစ်သည်။ ကွပ်မျက်စီရင်ချက် ချမှတ်ခြင်းနှင့်အတူ စစ်အာဏာရှင်များသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်လျက်ရှိသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် – မြန်မာနိုင်ငံ၏ အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်သော  နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HUFORM၊ ချင်းလူ့အခွင့်အရေးအဖွဲ့(CHRO)နှင့် တခြားသောအရပ်ဘက်အဖွဲ့အစည်းများမှ  ကွပ်မျက်ရေး ဆုံးဖြတ်ချက်ကို ရှုတ်ချခဲ့သည်။ AAPP ၏ သီးခြားထုတ်ပြန်ချက်တွင် အာဏာသိမ်းစစ်အုပ်စု၏ နိုင်ငံရေးအကျဉ်းသားများကို ကွပ်မျက်ရန် ထုတ်ပြန်ချက်သည် နိုင်ငံတကာနှင့် ပြည်တွင်း တရားဥပဒေကို အလွဲသုံးစားလုပ်ကာ ပြောင်ပြောင်တင်းတင်း သတ်ဖြတ်ရန် ကြိုးစားမှုတရပ်ဖြစ်သည်ဟု” ပြောဆိုခဲ့သည်။

“အာဆီယံနှင့် နိုင်ငံတကာ အသိုက်အဝန်းသည် အဆိုပါ ကွပ်မျက်မှုများကို တားဆီးရန် နည်းလမ်းပေါင်းစုံကို အသုံးပြုရမည်” ဟု အာရှတစ်ဝှမ်းရှိ လွှတ်တော်ကိုယ်စားလှယ်များမှလည်း ကြေငြာချက်ထုတ်ကာ ရှုတ်ချခဲ့သည်။

အယူခံမှု လုပ်ငန်းစဉ် အဆင့်ဆင့်တွင် သေဒဏ်ချမှတ်ခံထားရ ၄ ဦးစလုံးများသည် ဥပဒေအကြံပေးကိစ္စ အပါအဝင် မျှတသော တရားစီရင်မှုနှင့် ၎င်းတို့၏ ဥပဒေဆိုင်ရာအခွင့်အရေးများ မရရှိကြောင်း သိရှိရသည်။ တရားစီရင်ရေးကိုလည်း အလျင်စလိုလုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကွပ်မျက်ခြင်းမပြုသည်မှာ  ဆယ်စုနှစ်များစွာကြာခဲ့ပြီဖြစ်သည်။ လူတစ်ဦး၏ အသက်၊ လွတ်လပ်ခွင့်နှင့် လုံခြုံမှုတို့ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှုဟု ကုလသမဂ္ဂက ထုတ်ဖော်ပြောကြားခဲ့ပြီး လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့၏ အဆိုအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှ စတင်၍ မျက်ကွယ်သေဒဏ်ချမှတ်ခံထားရသူ ၄၁ ဦးအပါအဝင် သေဒဏ်ချမှတ်ခံရသူ ၁၁၄ ဦး ရှိသည်။

ဤဆုံးဖြတ်ချက်ကြောင့်နောက်ဆုံးတွင် မြန်မာစစ်တပ်သည် အတွေးအမြင်သစ်များနှင့် တစ်နိုင်ငံလုံးအနှံ့ဒီမိုကရေစီလိုလားသော အမြင်များကို ကြောက်ရွံ့နေခြင်းဖြစ်ကြောင်း အချက်ပြနေသည်။  စစ်တပ်သည် လူ့အသက်ကိုပင် ရင်း၍ ၎င်းတို့၏ အာဏာကို ကာကွယ်စောင့်ရှောက်လိုကြောင်း ပြသနေသည်။ လွှပ်လပ်တဲ့အာရှအသံ RFA နှင့် အင်တာဗျူးတွင် ကိုဂျင်မီ၏ ဇနီးဖြစ်သူမှ “လူ့အသက်ကိုတန်ဖိုးမထားမှုအတွက် တာဝန်ယူဖြေရှင်းရမည်ဟု” ပြောဆိုခဲ့သည်။ သေဆုံးသူများ၊ အသက်ရှင်ကျန်ရစ်သူများနှင့် ၎င်းတို့၏ မိသားစုများအတွက် တရားမျှတမှုရရှိသည့်နေ့ ရောက်ရှိလာမည်ဖြစ်ကြောင်း ၎င်းမှ ပြောကြားခဲ့သည်။

# လူ့အခွင့်အရေးချိုး ဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**စစ်ကိုင်းတိုင်းဒေသကြီး ၊ မြင်းမူမြို့နယ်၊ ကံပြာကျေးရွာ** – ဘုန်းကြီးကျောင်းတွင် ခိုလှုံနေစဥ် အပြစ်မဲ့ပြည်သူ ၁၁ ဦးသည် အကြမ်းဖက်စစ်တပ်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

**မန္တလေးတိုင်းဒေသကြီး** – စစ်အုပ်စုလက်အောက်တွင် တာဝန်မထမ်းဆောင်ဘဲ အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM) လုပ်ခဲ့သောကျန်းမာရေး ဝန်ထမ်း ၄ ဦးကို ပြစ်ဒဏ်ချမှခဲ့သည်။

**ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့နယ်**– အကြမ်းဖက်စစ်သပ်၏ ပရမ်းပတာ ရမ်းသမ်းပစ်ခတ်မှုကြောင့် ဒေသခံအရပ်သား ၂ ဦးသေဆုံးခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်**– အကြမ်းဖက်စစ်တပ်၏ ကျေးရွာအတွင်း ဝင်ရောက်စီးနင်း ကာ အိမ်ကြီးအိမ်ကောင်းများအများစုကို မီးရှို့မှုကြောင့် နေအိမ် ၁၀၀ ကျော် မီးလောင်ပျက်ဆီးခဲ့သည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတဝှမ်း လူဦးရေ ၈၈၉,၉၀၀ ခန့်သည် မတည်ငြိမ်မှုများနှင့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ချင်းပြည်နယ်

ND-Burma၏ ဆက်စပ်အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)သည် ချင်းပြည်နယ်ရှိ လူ့အခွင့်အရေး အခြေအနေများကို လုံ့လစိုက်ကာ အစီရင်ခံတင်ပြနေသည်။

**ထပ်မံဖတ်ရှုရန်**

## ကရင်ပြည်နယ်

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ထုတ်ပြန်သော အစီရင်ခံစာသစ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို လှုံ့ဆော်နေသည့် စစ်အာဏာရှင်များ၏ တာဝန်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးတွင် မြေလှန်လှုပ်ရှား ထိုးစစ်ဆင်မှုကြောင့် အရပ်သား ထောင်နှင့်ချီ၍ ထွက်ပြေးခဲ့ရသည်။ စစ်အာဏာရှင်စစ်တပ်၏ ဒေသခံပြည်သူတို့၏ နေအိမ်နှင့်ပိုင်ဆိုင်မှုများကို လုယက်ဖျက်ဆီးမှုကြောင့် စားနပ်ရိက္ခာ၊ ရေနှင့် အမိုးအကာများ ပြတ်လပ်လျက်ရှိသည်။

**ထပ်မံဖတ်ရှုရန်**



# ချင်းပြည်နယ်

ND-Burma၏ ဆက်စပ်အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)သည် မြန်မာနိုင်ငံ ချင်းပြည်နယ်ရှိ လူ့အခွင့်အရေး အခြေအနေများကို လုံ့လစိုက်ကာ အစီရင်ခံတင်ပြနေသည်။ ဒါဇင်နဲ့ချီသောရက်စက်ကြမ်းကြုတ်မှုများကို မှတ်တမ်းတင်ထားပြီး တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရန် တောင်းဆိုမှုများတွင်လည်း CHRO သည် တက်ကြွစွာ ပါဝင်ခဲ့သည်။

ခရစ်ယာန်လူများစုနေထိုင်ရာ ချင်းပြည်နယ်ရှိ ဘုရားဝတ်ပြုရာနေရာများကို စစ်အုပ်စုမှ ပစ်မှတ်ထားခဲ့သည်။ ၂၀၂၁ခုနှစ် အောက်တိုဘာလကတည်းမှစတင်၍ ထန်တလန်မြို့နယ်တစ်ခုတည်းတွင် ဘုရားကျောင်း ၁၁ ခု ဖျက်ဆီးခံခဲ့ရကြောင်း CHRO မှ ထုတ်ပြန်ခဲ့သည်။ သင်းအုပ်ဆရာကဲ့သို့သော ဘာသာရေးခေါင်းဆောင်များကိုလည်း စစ်တပ်မှ ပစ်သတ်ခဲ့သည်။ အတိုက်အခံ အင်အားစုများအောင်မြင်မှု ကြီးကြီးမားမားရခဲ့သော ဒေသများတွင် နေထိုင်ကြရသော အရပ်သားများသည် ခက်ခက်ခဲခဲ နေထိုင်နေကြရသည်၊ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်များအား ထောက်ပံ့ပါကရွာသားများကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ခံနေရသည်။

ဒေသခံများသည် ဆက်လက်ပြေးလွှားနေကြရပြီး အမိုးအကာနှင့် အကာအကွယ်များ လိုအပ်နေသည်။ ချင်းပြည်နယ်သည် ယခုအခါ မြန်မာနိုင်ငံအတွင်း စစ်ဘေးရှောင် ဒုက္ခသည် တစ်သန်း၏ ဆယ်ပုံတစ်ပုံကျော် ရှိနေသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများထံ တောင်းဆိုကြသောအခါ အာဆီယံသည် အကူအညီများ လွယ်ကူချောမွေ့စေရန်အတွက် စစ်အာဏာရှင်နှင့် ပူးပေါင်းကာ မည်သည့်ဖြေရှင်းချက်မှ မပေးဘဲ ချင်းပြည်နယ်ကို ဖယ်ထုတ်ထားသည်။ ဤသည်မှာ စစ်အာဏာရှင်တို့၏ လက်နက်အကူအညီနှင့် ၎င်းတို့၏ အကျိုးစီးပွားကိုသာ တိုးစေမည့် အစီအစဉ်ကို အသုံးချခြင်း၏ နောက်ထပ် အထောက်အထားဖြစ်သည်။



# ကရင်ပြည်နယ်

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို လှုံ့ဆော်ပေးသည့် စစ်အာဏာရှင်များ၏ တာဝန်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ကရင်ပြည်နယ် တစ်ခုတည်းတွင် အနည်းဆုံး လူပေါင်း ၁၇၀,၀၀၀ ခန့် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

KHRG ၏ အစီရင်ခံစာအရ ကရင်ပြည်နယ်တွင် အရပ်သားများ ရင်ဆိုင်နေရသော အခက်အခဲ အတားအဆီးများစွာကို အထောက်အထားများ ပါဝင်သည်။ စစ်အုပ်စု၏ လမ်းပိတ်ဆို့မှုများကြောင့် စစ်ဘေးရှောင်များသည် အကူအညီအထောက်ပံ့ရရန်ခက်ခဲနေပြီး ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးများမှာ အန္တရာယ်ရှိနေသည်။

ထို့အပြင် စစ်အင်အား တိုးမြင့်လာမှုကြောင့် ရွာသားများအား ပုံမှန်ထွက်ပြေးတိမ်းရှောင် နေရသည်။ ထိုကဲ့သို့သာ အချိန်တွင် ဒေသခံတို့၏ နေအိမ်များသည် မကြာခဏ ဖောက်ထွင်းလုယက်ခြင်း သို့မဟုတ် မီးရှို့ခြင်းခံရသည်။ ဝင်ငွေရရန် မှီခိုအားထားနေရသော လယ်ယာလုပ်ငန်းကဲ့သို့သော ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်ခြင်းမရှိပေ။ ဆက်လက်ဖြစ်ပွားနေသော လေကြောင်းနှင့် မြေပြင် တိုက်ခိုက်မှုများသည် ရှင်သန်ရပ်တည်ရေးအတွက် တသမတ်တည်း စိန်ခေါ်မှုတစ်ရပ် ဖြစ်စေခဲ့သည်။ KHRG မှ လည်း COVID–19 သည် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များ မရရှိသောကြောင့် အရပ်သားများအတွက် တကယ့် ခြိမ်းခြောက်မှုအဖြစ် ဆက်လက်ရှိနေကြောင်း KHRG မှ ထောက်ပြခဲ့သည်။ ကျန်းမာရေး ဝန်ထမ်းများသည်လည်း ဒီမိုကရေစီ လိုလားသော ပဏာမခြေလှမ်းများကို ပံ့ပိုးပေးသည့်အတွက် ပစ်မှတ်ထားခံရသည်။

လူ့စွမ်းအားအရင်းအမြစ်၊ ရန်ပုံငွေနှင့် ဝန်ထမ်းအင်အား ကန့်သတ်ချက်များစွာ ရှိနေသော်လည်း အကောင်းဆုံး လုပ်ဆောင်နေသော အရပ်ဘက်အဖွဲ့အစည်းများမှ အဆိုပါ ကွာဟချက်အများအပြားကို ဖြည့်ဆည်းပေးနေခဲ့သည်။ စစ်ဘေးရှောင်ကရင်ရွာသားများသည် စားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် ဆေးဝါးများ အရေးပေါ်လိုအပ်နေပါသည်။



# စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးတွင် မြေလှန်လှုပ်ရှား ထိုးစစ်ဆင်မှုကြောင့် အရပ်သား ထောင်နှင့်ချီ၍ ထွက်ပြေးခဲ့ရသည်။ စစ်အာဏာရှင်စစ်တပ်၏ ဒေသခံပြည်သူတို့၏ နေအိမ်နှင့်ပိုင်ဆိုင်မှုများကို လုယက်ဖျက်ဆီးမှုကြောင့် စားနပ်ရိက္ခာ၊ ရေနှင့် အမိုးအကာများ ပြတ်လပ်လျက်ရှိသည်။

ဇွန် ၇ ရက်နေ့တွင် စစ်သားများသည် ဘုရားဝင်းအတွင်း ခိုလှုံနေသော စစ်ဘေးရှောင်ပြည်သူများ ဆောင်ထားသည့် ပစ္စတိုသေနတ်ငယ်တစ်လက်ကို တွေ့ရှိခဲ့သည်။ တုံ့ပြန်သည့်အနေဖြင့် ဒေသခံ ၁၁ ဦးကို အရှင်လတ်လတ် မီးရှို့ခြင်း သို့မဟုတ် ပစ်ခတ်ခဲ့သည်။ “ထွက်ပြေး” ရန် အမိန့်ပေးပြီးနောက် ကျောဘက်တွင် ခြောက်ဦး သေနတ်ထိမှန်ခဲ့ပြီး အချို့မှာ မီးရှို့ခံရသည့် ဘုရားဝင်းအတွင်း မီးလောင်သေဆုံးသွားခဲ့သည်။ ရွာမှ မဆုတ်ခွာမီ ဆိုင်ကယ်များကိုလည်း အကြမ်းဖက် စစ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့သည်။

စစ်ကိုင်းတိုင်း သာဂရကျေးရွာတွင် စစ်တပ်မှ ဝင်ရောက်စီးနင်းပြီးနောက် အသက် ၇၈ နှစ်အရွယ် အဘွားအိုတစ်ဦး သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။ ထိုအဘွားအိုမှာ အလွန်အမင်း ဖျားနာနေသောကြောင့် ထွက်ပြေးနိုင်ခြင်းမရှိခဲ့ပါ။
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မကြာသေးမီရက်သတ္တပတ်များအတွင်း အကြမ်းဖက်စစ်တပ်၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် ကလေးတစ်ဦးအပါအဝင် အရပ်သားတစ်ဦး သေဆုံးခဲ့သည်။
အကြမ်းဖက် ပစ်ခတ်မှုအတွင်း အရပ်သား ၃၀၀,၀၀၀ ကျော်သည် ကြောက်မက်ဖွယ်ကောင်းသော ထိပ်တိုက်တွေ့ဆုံမှုမှ လွတ်မြောက်ရန် ထွက်ပြေးခဲ့ကြသည်။ အရပ်သားများသည် ပုံမှန်ပြန်ပေးဆွဲခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် သတ်ဖြတ်ခံရခြင်းများကြောင့် ‘အကြောက်တရား’ နှင့် အမြဲတမ်း အသက်ရှင်နေကြရသည်။

# နေ့စွဲအလိုက် မှတ်တမ်းများ

ဇွန်လ ဒုတိယပတ်

၂၀၂၂ ခုနှစ် ဇွန်လ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ

၆ ၎င်းတို့ ချုပ်နှောင်ထားသည့် အရပ်သားလေးဦးကို ကွပ်မျက်ရန် စစ်အာဏာရှင်၏ အစီအစဉ်များကို တကမ္ဘာလုံး ရှုတ်ချရန် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ တောင်းဆိုခဲ့သည်။

၇ မြန်မာနိုင်ငံတွင် အာဏာသိမ်းရန် ကြိုးပမ်းမှုမှ စတင်ကာ နေအိမ် ၂၂,၀၀၀ ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရပြီးအပြစ်မဲ့ အရပ်သားများသည် တရားလက်လွတ် သတ်ဖြတ်မှုများနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း ခံခဲ့ရကြောင်း မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျူမှ ထုတ်ပြန်ခဲ့သည်။

၈ ကရင်လူ့အခွင့်အရေးအဖွဲ့မှ နောက်ဆုံးအစီရင်ခံစာဖြစ်သည့် “Denied and Deprived” ကို ထုတ်ပြန်ခဲ့သည်။

၉ အနှစ် ၂၀ နီးပါး အပစ်အခတ်ရပ်စဲရေး ပြီးဆုံးသွားပြီးနောက် ကချင်ပြည်နယ်တွင် ပဋိပက္ခများ ပြန်လည်စတင်ဖြစ်ပွားသည့် ဆယ့်တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ကျင်းပခဲ့သည်။

၁၀ ထိန်းသိမ်းခံထားရသော ဩစတြေးလျ စီးပွားရေးပညာရှင်နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ် Sean Turnell အား တရားစွဲဆိုမည်ဟု စစ်အုပ်စုမှ ကြေညာခဲ့သည်။

၁၁ ဂန့်ဂေါတွင် အကြမ်းဖက်စစ်တပ်မှ အပြစ်မဲ့အရပ်သားငါးဦးကို ကြိုးဖြင့် တုပ်နှောင်၍ မီးရှို့သတ်ပစ်ခဲ့သည်။

၁၂ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်ရေးနေ့တွင် ကလေးသူငယ်များအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ အဆုံးသတ်ရန် တောင်းဆိုခဲ့ကြသည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma